# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၅ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၄)


| နိုင်ငံရေး ဦးတည်ချက် (၄) ရပ် | စီးပွားရေး ဦးတည်ချက် (၄) ရပ် | လူမှုရေး ဦးတည်ချက် (၄) ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၄

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၄ရက်တွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ National Democratic Party for Development က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၁)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြင်ဦးလွင်-မိုးကုတ်လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေကြစဉ်။

# တောင်လှေကားမြို့တော် ပြင်ဦးလွင်မှ ပတ္တမြားမြေ မိုးကုတ်သို့ တိုက်ရိုက်သွားရောက်နိုင်မည့် ကားလမ်းသစ်ဖောက်လုပ်

## ကားလမ်းနှင့်ဆက်စပ်၍ အဆိုပါဒေသ၌ သီးနှံစိုက်ဧက တစ်သိန်းကျော် ဖော်ထုတ်ပေးသွားမည်




ပြင်ဦးလွင်-မိုးကုတ်လမ်းဖောက်လုပ်ရေးစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေကြစဉ်။


➤ သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
➤ ဓာတ်ပုံ - မိုးမြင့်လှိုင်
➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)


နေပြည်တော် ဩဂုတ် ၄

ပြင်ဦးလွင်မှ မိုးကုတ်သို့ တိုက်ရိုက်သွားနိုင်မည့် ကားလမ်းသစ်တစ်လမ်း ဖောက်လုပ်နေကြောင်း သိရှိရ၍ သတင်းဆောင်းပါးရေးရန် စီစဉ်ဖြစ်သည်။ ၂၀-၇-၂၀၁၀ရက်နေ့တွင် မန္တလေးမြို့သို့ရောက်ရှိပြီး ကားဖြင့် ပြင်ဦးလွင်သို့ တက်ခဲ့သည်။

### ချဲ့ထွင်ဖောက်လုပ်

ထို့နောက် ပြင်ဦးလွင်-လားရှိုးလမ်းအတိုင်းထွက်လာကာ မိုင်တိုင်အမှတ် ၄၆/၀ (ရေငယ်)မှ မိုးကြိုးပစ်ရွာသို့ သွားရောက်ပြီး ဖောက်လုပ်ဆဲကားလမ်းအသစ်ထဲသို့ ဝင်ခဲ့ကြသည်။ သက္ကံ-ညောင်တုန်း-မဲတော-နောင်ပိန်အထိဖြစ်သည်။ လမ်းသစ်တစ်လျှောက် ဘူဒိုဇာစက်ကြီးများဖြင့် တောင်ကမ်းပါးယံကြီးများကို ဖြိုချပြီး လမ်းချဲ့နေမှု၊ မြေတူး မြေသယ်စက်ကြီးများဖြင့် လမ်းချဲ့ထွင်ဖောက်လုပ်ရာမှ ထွက်ရှိလာသည့် မြေစာများကို တစ်ဖက်ရှိ ချောက်ကမ်းပါးများအပေါ်ဖို့နေမှု စသည့်မြင်ကွင်းများကို တွေ့ခဲ့ရသည်။

### အကောင်အထည်ဖော်

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရမည်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး *စာမျက်နှာ ၈ ကော်လံ ၁* ❍

5-8 (01).pmd 1 8/5/2010, 1:57 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၅ ရက်)

# မိခင်နို့ရည် စနစ်တကျတိုက်ကျွေးရေး မိခင်တိုင်း အလေးထားလိုက်နာ

အာဟာရဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ဩဂုတ်လ ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတွင် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံများအဖြစ် ဆေးရုံပေါင်း ၅၀၄ရုံကို အသိအမှတ်ပြုခဲ့ပြီး မိခင်နို့ စနစ်တကျ တိုက်ကျွေးသော မြို့နယ်များ (အိမ်တွင်မွေးဖွားခြင်း)အဖြစ် မြို့နယ်ပေါင်း ၁၇၈မြို့နယ်ကို အသိအမှတ်ပြုနိုင်ခဲ့သည်။

ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် ဦးတည်ဆောင်ရွက်မည့် လုပ်ငန်းဆောင်ပုဒ်မှာ ''မိခင်ကလေးကျန်းမာဖို့ အဆင့်(၁၀)ဆင့်လိုက်နာလို့ မိခင်နို့ရည်တိုက်ကြစို့'' ဟူ၍ ဖြစ်သည်။

မိခင်များသည် နို့ချိုတိုက်ကျွေးရာတွင် နည်းလမ်းမှားယွင်းခြင်း၊ စနစ်မကျခြင်း၊ အကျိုးအကြောင်း မဆီလျော်သော အစဉ်အလာ ဟောင်းများကို ကျင့်သုံးခြင်းတို့ကြောင့် ကလေးငယ်များ၌ အာဟာရမပြည့်ဝခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ကိုယ်နှင့်စိတ်ဖွံ့ဖြိုးမှု စံချိန်မမီခြင်းတို့ကို တွေ့ရှိရသည်။

မိခင်၏နို့ဦးရည်သည် ရောဂါကာကွယ်သော ပဋိဇီဝပစ္စည်းများ အများအပြားပါဝင်သဖြင့် မွေးကင်းစကလေးငယ်အတွက် ဦးဆုံးရရှိသော ရောဂါကာကွယ်ဆေးဖြစ်သည့်အပြင် အာဟာရပြည့်ဝပြီး လုံလောက်မှုရှိသည်။ မိခင်နို့ရည်သည် ကလေးငယ်အတွက် အကောင်းဆုံး သဘာဝ အာဟာရဖြစ်သဖြင့် ရင်သွေးငယ်များအား မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသွားကြရန်ဖြစ်သည်။ မွေးဖွားပြီးနာရီဝက်အတွင်း ကလေးငယ်ကို တတ်နိုင်သမျှ အစောဆုံး မိခင်နို့ဦးရည်ကို စတင်တိုက်ကျွေးရန် အရေးကြီးပေသည်။

မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးနှင့် မိခင်နို့ စနစ်တကျတိုက်ကျွေးနည်းများကို ကိုယ်ဝန်ဆောင်မိခင်တိုင်းအား အသိပညာပေး ရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ပြည့်ဝသော သားကောင်းရတနာလေးများ ဖြစ်ထွန်းရေးအတွက် မိခင်များအားလုံးသည် မိမိတို့၏ရင်သွေးငယ်များကို ''မိခင်ကလေးကျန်းမာဖို့ အဆင့်(၁၀)ဆင့် လိုက်နာလို့ မိခင်နို့ရည်တိုက်ကြစို့'' ဟူသည့် ဦးတည်ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်ပုဒ်ကို အလေးအနက်ထားပြီး လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး

## ပညာရည်ချွန်ဆုပေးပွဲတက်ရောက် ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

နေပြည်တော် ဩဂုတ် ၄

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက စစ်တွေမြို့နယ်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပညာရည်ချွန် ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ဆက်လက်၍ တာဝန်ရှိသူများက တစ်ဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးရရှိကြသူများအားလည်းကောင်း၊ ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပြသသော ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်းများ၊ မြို့နယ်များနှင့် ကြိုးစားအားထုတ်မှုအကောင်းဆုံး ကျောင်းတို့အားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင်များက ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများ ပေးအပ်ကြရာ တိုင်းမှူးက လက်ခံသည်။ (သတင်းစဉ်)





## ဖဲကြိုးဖြတ်ဖွင့်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၁၂)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲကို ဩဂုတ် ၁ရက်က ၄ဝါလမ်း၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင် ဦးလှအေးနှင့် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)



# တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ

## မကွေးတိုင်းဥက္ကဋ္ဌ တက်ရောက်အားပေး

မကွေး ဩဂုတ် ၄

မကွေးဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မကွေးမြို့ ခရိုင်အားကစားကွင်းခန်းမ၌ ဩဂုတ် ၂ရက် နံနက် ၉ နာရီကကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ တက်ရောက်အားပေးပြီး ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဘော်လီဘောအားကစားကျောင်းသားများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ အခမ်းအနားတွင် မကွေးဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲဥက္ကဋ္ဌ မကွေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ အေးကျော်က အဖွင့်အမှာစကား ပြောကြားပြီး(အပေါ်ပုံ) အားကစားသမားများက သစ္စာဓိဋ္ဌာန်ရွတ်ဆိုကြသည်။

မကွေးဇုန်တွင် မကွေးတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မြင်းခြံဒီဂရီကောလိပ်နှင့် ရေနံချောင်းဒီဂရီ ကောလိပ်တို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၂ရက်မှ ၆ရက်အထိ ကျင်းပလျက်ရှိသည်။ (ခရိုင် ပြန်/ဆက်)



လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ဆောင်ရွက်နေမှုကို ဇူလိုင် ၁၅ရက်တွင် ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား

၅-၈-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | တရားတော် |
| ၇:၁၅ | ၃။ | အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ စည်းမျဉ်း(၁၀)ချက် မဟာဂန္ဓာရုံအသက် |
| ၇:၂၅ | ၄။ | ဓမ္မပူဇာတေး |
| ၇:၃၅ | ၅။ | မျိုးချစ်တပ်မတော် |
| ၇:၄၀ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၄၅ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇:၅၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၃၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၄၀ | ၄။ | အမျိုးသားရေးတေးကဗျာ |
| ၄:၄၅ | ၅။ | မွေးမြူသုတ |
| ၄:၅၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅:၀၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅:၃၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၅ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၀ | ၁၁။ | လျှပ်တစ်ပြက် |
| ၆:၃၀ | ၁၂။ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆:၄၅ | ၁၃။ | ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၆) |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း** (အပိုင်း-၃၇) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | အနုပညာရှင်၏တစ်နေ့တာ |
| | ၂၀။ | ကုန်သွယ်သုတ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၆၈) |





ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မွန်ပြည်နယ် သထုံခရိုင် သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဘီးလင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မော်လမြိုင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

# ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရန်အတွက်စည်းရုံး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေးဆောင်ရွက်

## ရုပ်/သံ ထုတ်လွှင့်မှု ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့အောင်စွမ်းဆောင်

နေပြည်တော် ဩဂုတ် ၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ဩဂုတ် ၄ရက် နံနက် ၈နာရီခွဲတွင် မွန်ပြည်နယ် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး နံရံကပ်စာစောင်များ၊ ပိုစတာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သထုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ဘီးလင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် မော်လမြိုင် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ တာဝန်ရှိသူများအားတွေ့ဆုံရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပျံ့နှံ့ရောက်ရှိ**

ထို့နောက် ဝန်ကြီးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာရေး၊ ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိဖတ်ရှုနိုင်ရန်အတွက် စည်းရုံးဆောင်ရွက်ကြရေး၊ ရုပ်/သံ ထုတ်လွှင့်မှုကို စက်စွမ်းအားအလျောက် ပတ်ဝန်းကျင်ဒေသများသို့ ထိထိရောက်ရောက် ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲ ဟောပြောဆွေးနွေးပွဲကျင်းပမည်

*ရန်ကုန် ဩဂုတ် ၄*

*မြန်မာနိုင်ငံဆရာဝန်အသင်း ဇီဝကမ္မဗေဒနှင့် ဇီဝဓာတုဗေဒအသင်းခွဲမှ Survival of the Fittest: Adaptation ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၈ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ Auditorium A ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ဟောပြောပွဲတွင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က လာနီညာရာသီဥတု ဖြစ်ပေါ်လာနိုင်ခြေ သုံးသပ်ချက်ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြတ်သဉ္ဇာက ရာသီဥတုပြောင်းလဲမှုကိုလိုက်၍ ဇီဝကမ္မဆိုင်ရာပြောင်းလဲမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်းအကြောင်းကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်ခင်အေးဝင်းက ခေတ်၏ပြောင်းလဲမှုကိုလိုက်၍ လူတို့၏ စိတ်ဓာတ်ရင့်ကျက်မှုနှင့် လူမှုရေးစံခံယူချက်များ ပြောင်းလဲလာမှုအကြောင်းကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၁) စိတ်ရောဂါကုပညာဌာနမှ ပါမောက္ခ ဦးခင်မောင်ကြီးက ဖိစီးမှုများနှင့် မည်သို့ရင်ဆိုင်ဖြေရှင်းသင့်သည်များကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြမည်ဖြစ်သည်။*

*ဆက်သွယ်စုံစမ်းနိုင်*

*စိတ်ပါဝင်စားသူများသည် ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့ရှိ ဇီဝကမ္မဗေဒဌာနနှင့် ဇီဝဓာတုဗေဒဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*





ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း အထက်မြန်မာနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနများ၏ လက်အောက်ခံ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံများ၊ ပညာရေးကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (ပညာရေး)

# မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချခဲ့

**နေပြည်တော် ဩဂုတ် ၄**

အထက်မြန်မာနိုင်ငံရှိ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနများ၏ လက်အောက်ခံ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သိပ္ပံများ၊ ပညာရေးကောလိပ်နှင့်အခြေခံပညာကျောင်းများမှ ဆရာဆရာမများအတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက် ၈နာရီတွင် မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့သည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဗဟိုအဖွဲ့နှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့များမှ ရဲမှူးကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့၊ ဆက်စပ်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော သင်တန်းနည်းပြများ၊ ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၅၀ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၉ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းကာလအတွင်း ဇူလိုင် ၃၀ရက်တွင် သင်တန်းသား သင်တန်းသူများသည် မန္တလေးမြို့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံနှင့် ပြန်လည်ထူထောင်ရေးစခန်းတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃၁ရက် မွန်းလွဲ ၁နာရီခွဲတွင် ကျင်းပရာ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာပေနှင့်စာနယ်ဇင်း ညီလာခံ အတွေ့အကြုံ သီပေါမြို့၌ရှင်းလင်း

**သီပေါ ဩဂုတ် ၄**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံနှင့် အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အမှာစကားပြောကြားပြီး ပဉ္စမအကြိမ်စာပေညီလာခံကိုယ်စားလှယ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါကိုလတ်)က ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများနှင့် စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(စာပေနှင့်စာနယ်ဇင်း)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၈-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၅:၀၀ MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ခေါင်းလောင်းထိုးပြီး လှူလိုက်သည်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံ (ထူးကြီးဆရာတော်)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၈)
၈:၃၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၄) (အေသင်ချိုဆွေ)
၉:၁၅ Activities in the City ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ
၉:၃၀ Science for All (ICTခေတ်အစ Radio က) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ဇင်အောင်)
၉:၅၅ ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
၁၀:၁၀ အမှောင်ကိုခွင်းသော အင်အားများ
၁၀:၄၀ The Champion of Dance
၁၁:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၁:၃၀ စွမ်းရည်ထက်မြက် မြန်မာ့ချက်လှည့်
၁၂:၀၀ Say it in English
၁၂:၁၀ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁၂:၂၀ HIP HOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
၁၂:၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၈) (ဘက်ပေါင်းစုံမှ ပြုစုကုသ စောင့်ရှောက်ခြင်း)
၁:၀၀ **ခေါင်းလောင်းထိုးပြီး လှူလိုက်သည်** တရားတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံ (ထူးကြီးဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၄၅ ခေတ္တရာဟသ်ာဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား
၃:၁၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (မြဘုရင်နို့ချက်စက်ရုံ၏ လုပ်ငန်းရှင် ဦးဝင်းမောင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၈)
၄:၀၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၄:၂၀ ရန်ကုန်မြင်ကွင်းကျယ် (BDS စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ)
၄:၃၀ ဗုဒ္ဓဂယာ မဇ္ဈိမဒေသဆီသို့
၄:၄၅ Activities in the City ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ
၅:၀၅ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောက်လုပ်ပေးခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသ စာသင်ကျောင်းများ
၅:၃၅ အနုပညာမိုးကောင်းကင်
၆:၀၀ MRTV-4 သတင်း
၆:၂၀ HIP HOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
၆:၃၀ ခေတ္တရာဟသ်ာဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်မှ တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနား
၆:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ABBN-Pre School မိတ်ဆက်ပွဲ)
၇:၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၅) (R ဇာနည်၊ ထွန်းအိန္ဒြာဗို)
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (BDS စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ ဂီတသရုပ်ပြခန်း (သဲနုဝါ-အဓိပတိလမ်းမှာ မိုးတွေရွာ)
၈:၅၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၈)
၁၀:၀၀ The Champion of Dance
၁၀:၂၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၈) (ဘက်ပေါင်းစုံမှ ပြုစုကုသ စောင့်ရှောက်ခြင်း)
၁၀:၅၀ Sports World
၁၁:၁၅ ဈေးဝယ်လမ်းညွှန် (aroma Fashion Square)
၁၁:၃၅ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး (ဒေါက်တာ-ခင်မောင်လွင်၊ ဒေါက်တာ-အေးအေးသိန်း၊ ခိုင်သင်းကြည်)
၁၂:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ပဲခူးတိုင်းအတွင်း မိုးစပါး စိုက်ပျိုးပြီးစီးမှု

*ရန်ကုန် ဩဂုတ် ၄*

*ပဲခူးတိုင်းတွင် ဩဂုတ် ၄ရက်အထိ မိုးစပါး ၂၈၂၂၅၇၅ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)*

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၄ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၆၈၂ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၀၉၁၉ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၂၆၈၂ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၀၉၁၉ ဦး |

(အင်တာနက်)



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## အာဖဂန်အရပ်သား ၂၇၀ ကျော်

### ဇူလိုင်လအတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရ

*ကဘူးလ် ဩဂုတ် ၄*

*အာဖဂန်နစ္စတန်နိုင်ငံ၌ ဇူလိုင်လအတွင်း အရပ်သားများသေဆုံးမှုမှာ ၂၇၀ အထိရှိကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၃ရက်တွင် ထုတ်ပြန်ကြေညာသည်။*

*အာဖဂန်အရပ်သားများသည် ဇူလိုင်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ပွဲနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းအရေအတွက်မှာ ယခင်လနှင့်နှိုင်းယှဉ်လျှင် ၂၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။*

*ပါဝင်*

*ထို့အပြင် ဇူလိုင်လအတွင်း တိုက်ခိုက်မှုများကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုမှာ ၅၈၈ ဦးရှိခဲ့ကြောင်း၊ ယင်းတို့တွင် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ယခုနှစ်ဆန်းပိုင်းမှစ၍ အရပ်သားများ သေဆုံးမှုမှာ ၁၁၀၀ ကျော်ရှိပြီး ၁၃၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။* *(အင်တာနက်)*

## အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၄

**အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဩဂုတ် ၃ရက်က ဖြစ်ပွားခဲ့သော ဗုံးခွဲပစ်ခတ်တိုက်ခိုက်မှုများကြောင့် အီရတ်တောင်ပိုင်း ကွတ်မြို့တွင် ဗုံးကွဲရာမှ သေဆုံးသူ ၂၀၊ ဒဏ်ရာရသူ ၅၀အပါအဝင် ထိုနေ့က ၄၁ဦး သေဆုံးပြီး ၁၁၇ဦး ဒဏ်ရာရရှိခဲ့သည်။**

**မိုဆူးလ်**

ဘဂ္ဂဒက်မြို့မြောက်ဘက် မိုင် ၂၄၀အကွာ မိုဆူးလ်မြို့အနောက်ပိုင်း၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိပြီး အရပ်သားနှစ်ဦးသေဆုံးခဲ့ရသည်။

**ခါဒရာ**

ဘဂ္ဂဒက်အနောက်ပိုင်း ခါဒရာအရပ်၌ ကားဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ၁၆ဦး သေဆုံးပြီး ၅၃ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်များ ပျက်စီးခဲ့သည်။

**ကယ်ကွတ်**

ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၁၅မိုင်အကွာ ကယ်ကွတ်မြို့လယ်၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

**တာမီယာ**

ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၅မိုင်အကွာ တာမီယာအရပ်၌ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခဲ့သဖြင့် အရပ်သားသုံးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

## အီရတ်- အာဖဂန် သတင်းများ

## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

### အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၄ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၄၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၆၄၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၀၄၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၆၄၆ ဦး |

(အင်တာနက်)

## အီရတ်နိုင်ငံ ကွတ်မြို့၌ ဗုံးနှစ်လုံးပေါက်ကွဲ လူ ၂၀ သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတောင်ပိုင်းကွတ်မြို့တွင် ဩဂုတ် ၃ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၂၀ သေဆုံးပြီး ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဩဂုတ် ၄ရက်၌ ပြောကြားသည်။

**ဖြစ်ပွား**

ဗုံးပေါက်ကွဲမှုမှာ ကွတ်မြို့အလယ်ပိုင်း အယ်အေမီလ်ခရိုင်၌ ဖြစ်ပွားခြင်းဖြစ်သည်။ ဗုံးတစ်လုံးကို ကားတစ်စီး၏ ကိုယ်ထည်တွင် ချည်နှောင်ထားကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး နောက်ဗုံးတစ်လုံးမှာ လမ်းဘေးဗုံး ပေါက်ကွဲမှုဖြစ်သည်။

**ပျက်စီး**

ထိုသို့ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ ဈေးဆိုင် ၁၀ဆိုင်ခန့် ပျက်စီးခဲ့ပြီး မော်တော်ယာဉ်အချို့လည်း ပျက်စီးခဲ့ကြောင်း၊ သေဆုံးသူဦးရေတိုးမြင့်လာဖွယ်ရှိကြောင်း ၄င်းတို့ကပြောကြားသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**



## ဗုံးခွဲတိုက်ခိုက်

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားစဉ် ဒဏ်ရာရ ကလေးငယ်တစ်ဦးအား အမျိုးသားတစ်ဦး ပွေ့ချီလာသည်ကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။** (ယင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၅ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**



## ကားဗုံးခွဲတိုက်ခိုက်

**ဘဂ္ဂဒက်မြို့ အနောက်ပိုင်း ခါဒရာအရပ်၌ ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးနေသော မော်တော်ယာဉ်များကို ဩဂုတ် ၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## လက်လုပ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားလေးဦး သေဆုံး

ကဘူးလ် ဩဂုတ် ၄

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဖာရက်ပြည်နယ်တွင် ဩဂုတ် ၂ရက်က လက်လုပ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေးတပ် (အိုင်အက်စ်အေအက်ဖ်)က ဩဂုတ် ၃ရက်တွင် ကဘူးလ်မြို့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် လက်လုပ်ဗုံးများကြောင့် အပြစ်မဲ့ပြည်သူများစွာကို သေကျေပျက်စီးနေရကြောင်း အိုင်အက်စ် အေအက်ဖ် အဖွဲ့အကြီးအကဲက ပြောကြားသည်။

**သေဆုံး**

အိုင်အက်စ်အေအက်ဖ်၏ ကောက်ယူချက်များအရ ၂၀၁၀ ခုနှစ်တွင် သူပုန်များ၏ လက်လုပ်ဗုံး အသုံးပြု တိုက်ခိုက်မှုများကြောင့် အရပ်သား ၄၀၀ သေဆုံးခဲ့ရပြီး ၈၆၀ ဒဏ်ရာရရှိခဲ့သည်ဟု ၄င်းကဆိုသည်။ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုနှင့် လက်လုပ်ဗုံးဖြင့် တိုက်ခိုက်မှုများသည် တာလီဘန်စစ်သွေးကြွတို့၏ လက်ချက်ပင်ဖြစ်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## အီရတ်အရပ်သားများ သေဆုံးမှု ဇူလိုင်လအတွင်း နှစ်ဆတိုးလာ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးမှုမှာ ဇူလိုင်လအတွင်း နှစ်ဆတိုးလာကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

**ဖော်ပြ**

အီရတ်အရပ်သားများ မေလတွင် ၂၅၇ဦး၊ ဇွန်လ၌ ၂၀၄ဦး ဗုံးခွဲတိုက်ခိုက်မှုများနှင့် အခြားတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရပြီးနောက် ပြီးခဲ့သည့်ဇူလိုင်လအတွင်း အီရတ်အရပ်သား ၃၉၆ဦးသေဆုံးခဲ့ရကြောင်း အီရတ်အစိုးရစာရင်းဇယားများတွင် ဖော်ပြသည်။

**ကြုံတွေ့**

၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံ၌ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်ဖြစ်ပွားလျက်ရှိရာ အရပ်သားများမှာ ဘေးဒုက္ခအမျိုးမျိုးနှင့် ကြီးလန့်စာစား ရင်ဆိုင်ကြုံတွေ့နေကြရသည်။

အထူးသဖြင့် ဆွန်နီနှင့် ရှီးယိုက်လူမျိုးစုနှစ်စုအကြား အပြန်အလှန်တိုက်ခိုက်မှုမှာလည်း မြင့်တက်လာသည်။

**အမ်အင်န်အေ၊ရိုက်တာ**



## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### လက်ဘနွန်နှင့် အစ္စရေးနယ်စပ်၌ တိုက်ပွဲဖြစ်

*လက်ဘနွန်နှင့် အစ္စရေးနယ်စပ်၌ နှစ်နိုင်ငံတပ်ဖွဲ့ဝင်များ ဩဂုတ် ၄ရက် နံနက်က အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ လက်ဘနွန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။*

### ကနေဒါ၌ ကုန်တင်ရထား လမ်းချော်တိမ်းမှောက်

*ကနေဒါနိုင်ငံ ကာဂါရီမြို့အနီး၌ ဩဂုတ်၄ရက် နံနက်က ကုန်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ရထားတွဲအချို့ ပျက်စီးမှုရှိခဲ့ကြောင်း ကနေဒါရထားလုပ်ငန်း အရာရှိများက ပြောကြားသည်။ (အောက်ပုံ)*



### ပင်လယ်နီ၌ ရုရှားစစ်သင်္ဘောက ဓားပြများအား ပစ်ခတ်

*ပင်လယ်နီအတွင်း ကုန်တင်သင်္ဘောတစ်စင်းအား အပိုင်စီးရန် အမြန်ရေယာဉ် နှစ်စင်းဖြင့် ချဉ်းကပ်လာသော ပင်လယ်ဓားပြများကို ရုရှားစစ်သင်္ဘောတစ်စင်းက ဩဂုတ် ၄ရက် နံနက်က ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ပင်လယ်ဓားပြများ ဆုတ်ခွာသွားကြောင်း ရုရှားရေတပ်အရာရှိများက ပြောကြားသည်။*

### အင်ဒိုနီးရှား အရှေ့ဘက်ကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မာလူကူပြည်နယ်ကမ်းလွန်တွင် ဩဂုတ် ၄ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၄ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီ သတိပေး ချက် ထုတ်ပြန်ခြင်းမရှိကြောင်း သတင်းထုတ်ပြန်သည်။*

### အမေရိကန်၌ ပစ်ခတ်မှုဖြစ်ပွား၊ ကိုးဦးသေဆုံး

*အမေရိကန်နိုင်ငံ ကွန်နက်တီကယ်ပြည်နယ်တွင် ဩဂုတ် ၄ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် ကိုးဦးသေဆုံးခဲ့ပြီး အချို့ ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ ဒဏ်ရာဖြင့် ဆေးရုံရောက်မှ သေဆုံးကြခြင်းဖြစ်ကြောင်း အမေရိကန် လုံခြုံရေးအရာရှိများက ပြောကြားသည်။*

### နီပေါအလယ်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

*နီပေါနိုင်ငံအလယ်ပိုင်း ဒိုလာခါခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံကိုးဦး သေဆုံးခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ဩဂုတ် ၄ရက်၌ ပြောကြားသည်။*

### ဂျပန် ရေနံတင်သင်္ဘောကို ဗုံးခွဲတိုက်ခိုက်ခဲ့

*ဂျပန်ရေနံတင်သင်္ဘောကို ဟော်မုဇ်ရေလက်ကြား၌ မိမိတို့ ဗုံးခွဲတိုက်ခိုက် ခဲ့ခြင်းဖြစ်ကြောင်း အဗ္ဗဒူလာအဇ်ဇမ် စစ်သွေးကြွအုပ်စုက ဩဂုတ် ၄ရက်၌ ထုတ်ဖော်ပြောကြားသည်။*

### ပစိဖိတ်ကျွန်းနိုင်ငံများဖိုရမ်စတင်

*ဗင်နွာတူနိုင်ငံမြို့တော် ပို့စ်ဗီလာတွင် ပစိဖိတ်ကျွန်းနိုင်ငံများဖိုရမ်ကို ဩဂုတ် ၄ရက်မှ စတင်ကာ ကျင်းပကြောင်း၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းထုတ်ပြန်သည်။*

### ရုရှား အာကာသယာဉ်မှူးများ အအေးပေးစနစ် ပြင်ဆင်

*အအေးပေးစနစ်ရပ်ဆိုင်းသွားသော နိုင်ငံတကာ အာကာသယာဉ်စခန်း၏ အပြင်ဘက်ထွက်ကာ ရုရှားအာကာသယာဉ်မှူးနှစ်ဦးက ဩဂုတ် ၄ရက်၌ ပြန်လည် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း နာဆာက သတင်းထုတ်ပြန်သည်။ ။*

*(အင်တာနက်)*

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပုသိမ်မြို့၌ ကျင်းပ
## တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေတက်ရောက်၊ မဟော်ဂနီပင်စိုက်ပျိုးပေး

နေပြည်တော် ဩဂုတ် ၄

ဧရာဝတီတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြသင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ရုပ်ပြသင်ခန်းစာစာအုပ်များကို တိုင်းပညာရေးမှူးထံ ပေးအပ်သည်။

**ငါးမျိုးစုံစိုက်ထည့်ပေး**

ထို့နောက် တိုင်းမှူးသည် ဇူလိုင် ၂၈ရက်က ပုသိမ်မြို့ ပန်းခြံဆိပ်ကမ်း၌ ကျင်းပသော ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဝေန်မြစ်အတွင်းသို့ ငါးမျိုးစုံတို့ကို စိုက်ထည့်ပေးသည်။

**ပေးအပ်**

တိုင်းမှူးသည် ဇူလိုင် ၂၉ရက်တွင် ပုသိမ်တပ်နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းမှူးက တပ်ရင်း၊ တပ်ဖွဲ့မှူးများအား ပျိုးပင်များ ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးက မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး **(ယာပုံ)** တက်ရောက်လာကြသူများ၏ ပျိုးပင်များ စိုက်ပျိုးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လှူဒါန်း

**တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် ဇာနည် ၁၄လမ်း အမှတ် ၃၆၈/ကနေ မိဘများဖြစ်သူ (ဦးအစွေ့-ဒေါ်ကြည်)နှင့် ဇနီးဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ဦးကြင်သိန်းနှင့် မိသားစုက အသက်(၈၀)ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာ ဖောင်ဒေးရှင်း အတွင်းလူနာ ကင်ဆာ ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်း ရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်ဒွေးဒွေး ဆွေတို့က လက်ခံယူစဉ်။**

(ကင်ဆာဖောင်ဒေးရှင်း)



## သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းများ
## ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၁ရက် နံနက် ၈နာရီတွင် ပြင်ဦးလွင်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး အေးရှားဝေါလ်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေး-လားရှိုး-မူဆယ်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ယင်းလမ်းပေါ်ရှိ အရှည် ၅၉၆ပေရှိ သီပေါတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ လားရှိုး ဘက်ကမ်းကပ်ခုံမှ ချဉ်းကပ်တံတား ကွန်ကရစ်ကြမ်းခင်း တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တံတား အတက်အဆင်းဖြစ်သည့် လားရှိုးဘက်ကမ်း၌ ယာဉ်သွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ရမည့် လမ်းကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုတည်ဆောက်နေသည့် သီပေါတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်နှင့် သံမဏိသံပေါင်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ၅၉၆ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် အကျယ်ငါးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန်၆၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘောလခဲခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ
## လုပ်ငန်းဆောင်ရွက်ချက်များ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

ဘောလခဲခရိုင်ကော်မရှင်အဖွဲ့ခွဲ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘောလခဲမြို့နယ်အတွင်း ကော်မရှင်ရုံး ဖွင့်လှစ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ရက်က ခရိုင်ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးချမ်းမြေ့စော၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန့်ဇင်နှင့် ဦးခင်စောတို့သည် နန်းဖဲကျေးရွာ၊ ဘူးခွကျေးရွာ၊ ရှမ်းပိုင်းရပ်ကွက်နှင့် ကယားပိုင်းရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်း၍ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် တွေ့ဆုံပြီး မဲရုံနေရာများ ရွေးချယ်ထားမှု၊ မဲစာရင်းများပြုစုထားရှိမှု၊ ရုံးလုပ်ငန်းဖိုင်တွဲများ စနစ်တကျစိစစ်ထားရှိမှုတို့ကို စစ်ဆေး ကာ ကော်မရှင်အဖွဲ့ခွဲဝင်များအား လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၄

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်း အဖွဲ့၏ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း အဖွဲ့ ပဉ္စမအကြိမ် ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲနှင့် ပညာရေးလှူဒါန်းပွဲ အခမ်း အနားကို ဇူလိုင်၂၄ရက်က အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ အင်းစိန်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင် တွဲဖက်စာရင်းစစ် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့က အမှာစကား ပြောကြားပြီး မြို့နယ်ညီလာခံကိုယ်စား လှယ်များဖြစ်ကြသော မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)နှင့် ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်ကြီး)တို့က ညီလာခံအတွေ့အကြုံ များကို ရှင်းလင်းပြောကြားကြသည်။

**ပေးအပ်**

ထို့နောက် ပညာရေးလှူဒါန်းပွဲ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရီးသွားနှင့် ပညာရေးအဖွဲ့ ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်ကြီး)က ပညာရေး လှူဒါန်းပွဲ ကျင်းပရသည့်အကြောင်း ပြောကြားပြီး စာပေအဖွဲ့ဝင်များ စုပေါင်း လှူဒါန်းကြသည့် စာအုပ်၊ဘောလ်ပင်၊ခဲတံ နှင့် အလှူငွေများကို အဖွဲ့ဝင်များ၏ သား သမီး ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

**(စာပေနှင့်စာနယ်ဇင်း)**

# ရပ်စောက်၌ မိုးရာသီသစ်ပင်စိုက်ပျိုး
# တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

**နေပြည်တော် ဩဂုတ် ၄**

ရပ်စောက်မြို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ပျိုးပင်များကိုပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းမှူးက ခါတော်မီပင်ကို စတင်စိုက်ပျိုးပေးပြီးနောက် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ရပ်စောက်မြို့ သုခကာရီဘိုးဘွားရိပ်သာသို့ ရောက်ရှိပြီး ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၉ရက်တွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည့် တိုင်းမှူးတံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်ကို ကြည့်ရှုအားပေးသည်။

**ဂုဏ်ပြုဆု**

ယင်းနောက် တာဝန်ရှိသူများက ဆုရရှိကြသည့် အသင်းများအား တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းမှူးက ပထမရရှိသည့် အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ကာ ဒိုင်အဖွဲ့များအတွက် ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**



# ပင်လယ်ကမ်းဝေးငါးဖမ်းစက်လှေပိုင်ရှင်များ လုပ်ငန်းညှိနှိုင်း
# ဝန်ကြီး ဦးမောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၄**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေပိုင်ရှင်များအသင်းတို့ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂ရက် ညနေပိုင်းက ပုဇွန်တောင်မြို့နယ် ညောင်တန်း ငါးတင်၊ငါးချ ဆိပ်ခံတံတားရှိ အထွေထွေဝါခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်သိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**ညှိနှိုင်းဖြည့်ဆည်း**

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဌေးမြင့်က မြန်မာ့ပင်လယ်ပြင် ရေသယံဇာတပေါကြွယ်ဝမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသော ငါးဖမ်းလုပ်ငန်းရှင်များက လုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

**အမှာစကားပြောကြား**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေး ငါးဖမ်းစက်လှေ ပိုင်ရှင်များအသင်း လုပ်ငန်းဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ကွမ်းလုံခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော တိုင်းရင်းသား ရိုးရာဓလေ့ အစားအစာချက်ပြုတ်ပြိုင်ပွဲကို ဇူလိုင် ၂ ရက်က ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကျင်းပစဉ်။

(ခရိုင် ပြန်/ဆက်)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပုသိမ်မြို့၌ ပညာပေးဟောပြော

**ပုသိမ် ဩဂုတ် ၄**

ဧရာဝတီတိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၃ရက်က ပုသိမ်မြို့ အမှတ်(၂)အထက ပညာရွှေရည်ခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လွင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းရဲတပ်ဖွဲ့မော်တော်ယာဉ်ဌာန ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း(**အောက်ပုံ**)၊ ကညနစစ်ဆေးရေးမှူး ဦးသိန်းဌေး၊ ဒုတိယရဲအုပ်စိုးထိုက်ဦး၊ ရဲတပ်ကြပ်ကြီး သန်းထွေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စိတ်ဝင်စားဖွယ် ဖြစ်ရပ်မှန်များကို သာဓကများဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**(၁၅၇)**



# ဂရပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၄**

မီဒီယာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA)က ဒစ်ဂျစ်တယ်ဗီဒီယိုနည်းပညာများ ပြည်သူများအတွင်း ပြန့်ပွားစေရန် ရည်ရွယ်ချက်ဖြင့် ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း အပတ်စဉ်(၂)ကို ဩဂုတ် ၂၈ရက်မှ စက်တင်ဘာ ၂၆ရက်အထိ (စနေ၊ တနင်္ဂနွေ)တန်းခွဲအဖြစ် နံနက် ၁၀နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ အဆောင်(၁)သင်တန်းခန်းမ၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ ကျပ်တစ်သိန်းနှစ်သောင်းဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များအား ၁၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

**စာတွေ့လက်တွေ့**

အဆိုပါ သင်တန်းတွင် ကွန်ပျူတာအခြေခံအဆင့်လေ့လာထားပြီး ရုပ်သံအစီအစဉ်များနှင့် ရုပ်မြင်သံကြားကြော်ငြာများ၊ မှတ်တမ်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှုများအကြောင်းကို စိတ်ဝင်စားစွာ လေ့လာလိုသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများတွင် Video Presentation များဖြင့် နေ့စဉ် ထိတွေ့လုပ်ကိုင်နေသူများ၊ အခြေခံပညာအထက်တန်း အောင်မြင်ထားသော လူငယ်များအား ရုပ်သံနည်းပညာတွင်ပါဝင်သော ဗီဒီယိုပုံရိပ်များဖွဲ့စည်းမှုသီအိုရီ၊ ဗီဒီယို ရိုက်ကူးတည်းဖြတ်ခြင်းနှင့် DVD ထုတ်လုပ်ပုံများ၊ အသံပိုင်းဆိုင်ရာများ စာတွေ့လက်တွေ့ပါဝင်မည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

သင်တန်းတွင် ဦးဝဏ္ဏကျော် (Art Director-People Media, Inforithm- Maze)ASEAN Award Winning New Media Artist, Contributor (InternetJournal) က သင်ကြားမည်ဖြစ်ပြီး ဧည့်ပညာရှင်များအဖြစ် စာရေးဆရာ ချစ်ဦးညိုက ဇာတ်ညွှန်းရေးသားခြင်း၊ ဒါရိုက်တာ ဇော်ဆက်က ဇာတ်ကားတည်းဖြတ်ခြင်း၊တေးရေးနောင်နောင်(S.F)က ဇာတ်ဝင်တေးရေးသားခြင်းတို့ အပါအဝင် ဂီတ၊ရုပ်ရှင် အခြေခံသဘောတရားများကို တစ်ချိန်စီ လာရောက်ပို့ချပေးကြမည်ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်းအဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဩဂုတ် ၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။

**(သတင်းစဉ်)**

# မူလတန်းနှစ်ထပ်ကျောင်းဆောင်သစ် လပွတ္တာမြို့နယ်၌ ပေးအပ်လှူဒါန်း

**လပွတ္တာ ဩဂုတ် ၄**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာအုပ်စု ကွင်းသုံးဆင့်ကျေးရွာနှင့် ဒရယ်ဖြူကျေးရွာတွင် မူလတန်းနှစ်ထပ်ကျောင်းဆောင်သစ်နှစ်လုံးအား ဆွေသဟာလူမှုရေးအဖွဲ့မှ ပညာရေးဌာနသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၂၄ရက် နံနက် ၁၀ နာရီက ယင်းကျောင်းသစ်ခန်းမဆောင်၌ ကျင်းပသည်။

**ဖွင့်လှစ်**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် ခရိုင်ပညာရေးမှူး ဦးခင်မောင်မြင့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)** ထို့နောက် ဆွေသဟာလူမှုရေးအဖွဲ့ တာဝန်ခံ ဦးဒီးဒီမှ ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြီး ရပ်မိရပ်ဖ ဦးကျော်ညီညီထွန်းက ခရိုင်ပညာရေးမှူးထံ နှစ်ထပ်ကျောင်းဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်သည်။

**အသုံးပြုနိုင်**

ယင်းကျောင်းဆောင်မှာ အမြင့် ၂၅ပေနှင့် ပေ ၅၀ အကျယ်အဝန်းရှိသော ရှစ်မြှောင့်ပုံ နှစ်ထပ်အာရ်စီ ကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ကျောင်းဆောင်အဆောက်အအုံတစ်ခုလျှင် ငွေကျပ် ၅၆၀ ဒသမ၇၉ သိန်းခန့် ကုန်ကျခဲ့ကြောင်း၊ အဆိုပါကျောင်းဆောင်ကို ဆိုင်ကလုန်း ရှယ်လ်တာအဖြစ် အသုံးပြုနိုင်ကြောင်းနှင့် အရေးပေါ်အခြေအနေတွင် လူဦးရေ ၂၀၀မှ ၃၀၀ခန့် ခိုလှုံနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်း စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

**ရန်ကုန် ဩဂုတ် ၄**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပဉ္စမအကြိမ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်းလင်းပွဲနှင့် လစ်လပ်လျက်ရှိသော အမှုဆောင် တစ်နေရာ ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၂ရက် မွန်းတည့် ၁၂နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြော**

ရှေးဦးစွာ သဘာပတိ ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)(သူရဇော်)က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညွှန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများကို ဒုတိယဥက္ကဋ္ဌ ဦးညွှန့်လှိုင်(မောင်ညွှန့်လှိုင်)က ရှင်းလင်းတင်ပြသည်။

**ရွေးချယ်တင်မြှောက်**

ထို့နောက် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်နေရာအတွက် အများသဘောတူ ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌ ဦးညွှန့်လှိုင်(မောင်ညွှန့်လှိုင်) အပါအဝင် အလုပ်အမှုဆောင်ကိုးဦးပါ မြို့နယ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောင်ပန်းမြို့သို့ ရေပေးဝေလျက်ရှိသည့် ငါးကြောင်အိုင်ပတ်ဝန်းကျင် ရေဝေရေလဲဧရိယာတွင် ဇူလိုင် ၈ရက်က ချယ်ရီ၊ ခါတော်မီ အပါအဝင် စုစုပေါင်းအပင် ၁၈၀၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)



**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

5-8 (06).pmd 1 8/5/2010, 1:57 AM

# ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ

## တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဆုများပေးအပ်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

**ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ၂၀၁၀ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့သည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲရတနာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ပုလဲမြို့သစ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ငမိုးရိပ် ရေပေးဝေရေးစီမံကိန်းမှ ရန်ကုန်မြို့သို့ ရေပေးဝေနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဘုရားဖူးအဖွဲ့များစေလွှတ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၄

သာသနာရေးဝန်ကြီးဌာန သံဝေဇနိယလေးဌာနတည်ရှိရာ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာရေးဝန်ကြီးဌာနမှ ကြီးကြပ်၍ ဘုရားဖူးအဖွဲ့များ စေလွှတ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး လွိုင်ကော်မြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ စစ်ဆေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၄

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂ရက်က လွိုင်ကော်မြို့နယ် မင်္ဂလာရပ်ကွက်နှင့် ဒေါ်တမရပ်ကွက်တို့သို့ သွားရောက်၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များ၊ ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ် ထားရှိမှု၊ မဲစာရင်းများပြုစုထားရှိမှု အခြေအနေနှင့် မဲရုံဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ဆောင်ရွက်သွားရန် ရှင်းလင်းမှာကြားခဲ့သည်။ **(သတင်းစဉ်)**

**သွေးသည် အသက်**

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၄

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၃၀)တွင် Political Times အထူးအချပ်ပို အပါအဝင် ၂၀၁၀အလွန် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးအသွင်သစ်များ ပုံဖော်သည့်အခါ နိုင်ငံတကာမှ လာရောက်ရင်းနှီးသူများနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရန်လိုအပ်ချက်များအပေါ် သုံးသပ်ထားသည့် ဘာတွေပြင်ဆင်ထားပြီးပြီလဲ မျက်နှာဖုံးဆောင်းပါးဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် မြန်မာနိုင်ငံနဲ့ သံတမန်ရေးအရရော စီးပွားရေးအရပါ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်၊ အရှေ့တီမောနိုင်ငံခြားရေးဝန်ကြီး ဇာကာရီယာ့စ်ဒါကိုစတာနှင့် တွေ့ဆုံခြင်း၊ ဆရာကျော်ဝင်းရေးသားသည့် ဒီမိုကရေစီနှင့် ဒီမိုကရက်တိုင်ဇေးရှင်း၊ ဆရာမောင်သာနုရေးသားသည့် ရွေးကောက်ပွဲနှင့် ပါတီများလိုချင်သော ဆုလာဘ်၊ ဒီမိုကရက်တစ်(မြန်မာ)ပါတီဥက္ကဋ္ဌ ဦးသုဝေနှင့်တွေ့ဆုံခြင်း စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ပုဂ္ဂလိကဆီဆိုင်များ ဈေးပြိုင်ရောင်းချလာ၍ အောက်တိန်းဈေးဆက်တိုက်ကျ၊ ဧရာဝတီနှင့် ပဲခူးတိုင်းမှ တိုင်းကျော်တင်ပို့သည့်ဆန်များ အိတ်ရေအလိုက် အခွန်ကောက်မည်၊ အင်းစိန် အောင်ဇေယျတံတားအဆင်းတွင် ယာဉ်နှစ်စီးညှပ်တိုက်၍ ၁၂၅ယာဉ်လိုင်းကား မီးလောင်တိမ်းမှောက်၊ ပြည်ထောင်စုလမ်းမကြီးအပါအဝင် အဝေးပြေးလမ်းမကြီး ၁၂ခု လုပ်ငန်းရှင်ကြီးခြောက်ဦးလုပ်ခွင့်ရ၊ ဘုရားဖူးလာသည်ဆိုသောဆင်များကို ခြေရာခံလိုက်ကြည့်ခြင်း၊ အတွေ့အကြုံ အသေးအဖွဲ့လေးများ ကိုရီးယားခရီးသွားဆောင်းပါး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ခြင်းလုံးကစားခြင်းနှင့် ရီးရာအမွေ၊ ရင်ထဲမှာအလွန်ပျော်နေလို့ ခံစားချက်တွေဗလာဖြစ်နေတယ် ချမ်းချမ်းနှင့်တွေ့ဆုံခြင်း စသည့်ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကမ္ဘာ့ဖလားတွင်ရေပန်းစားခဲ့သော ရောဘဲပေါလ် ကြော်ငြာမင်းသားဖြစ်လာပြန်၊ အကျပ်အတည်းလွန်ကမ္ဘာထဲမှ အာရှ၏အနာဂတ်အလားအလာ၊ တောင်တရုတ်ပင်လယ်အတွင်းမှ အင်အားပြင်းကစားပွဲက တင်းမာမှုကိုလှုံ့ဆော်ရာရောက်၊ အဖိုးနှုန်းအချိုသာဆုံး လက်တော့ပ် အိန္ဒိယတီထွင်၊ စပိန်လယ်သမား မျက်နှာတစ်ပြင်လုံးခွဲစိတ်ကုသမှုအောင်မြင်၊ အာဖဂန်စစ်ပွဲဆိုင်ရာ အမေရိကန် လျှို့ဝှက်အစီရင်ခံစာအွန်လိုင်းတွင် ပျံ့နှံ့၊ အင်ဒိုနီးရှားအိမ်ဖော် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးသွားသဖြင့် တရားခံ မလေးနိုင်ငံသား သေဒဏ်ချမှတ်ခံရ မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာအဆင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၄

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ ဒုတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည်ဖြစ်သည်။

**အခမဲ့ကူညီ**

Institute of Hospitality (UK) နှင့် Institute of AH & LA ( USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီ ပေးသွားမည်ဖြစ်သည်။

**ဖွင့်လှစ်သင်ကြား**

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ဩဂုတ်လ ဒုတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ဆေးရုံများ၊ သွေးလှူဘဏ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန

## ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၄

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇူလိုင် ၃၀ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ကူးစက်ရောဂါကုဆေးရုံ(မန္တလေး)သို့ရောက်ရှိပြီး ဆေးရုံ၏ ပြင်ပလူနာကုဌာန၊ လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် မန္တလေးပြည်သူ့ဆေးရုံကြီး၏ အမျိုးသားသွေးလှူဘဏ်သို့ရောက်ရှိပြီး သွေးလက်ခံစုဆောင်းမှုအခြေအနေ၊ သွေးသိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေနှင့် သင်တန်းပို့ချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာနနှင့် သွေးရောဂါအထူးကုဌာနများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် ဇူလိုင် ၃၁ရက် နံနက်ပိုင်းက အရိုးရောဂါအထူးကုဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိပြီး ဆေးရုံ၏ လူနာဆောင်များ၊ အထူးကြပ်မတ်ကုသဆောင်၊ ခွဲစိတ်ဆောင်နှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန(မန္တလေး)နှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဌာန(မန္တလေး)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဆရာဝန်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဓာတ်ခွဲခန်းများအတွင်း အသေးစိတ် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

**မှာကြား**

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပလိပ်ရောဂါသီးသန့်အဖွဲ့ (မန္တလေး)သို့ ရောက်ရှိပြီး ကူးစက်မြန်ရောဂါများ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့် ဌာန အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရန်လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်

# ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူတို့၏ ပီတိစကားသံများ

တွေ့ဆုံမေးမြန်းသူ - ခင်နှင်းရည် (ရန်ကုန်တက္ကသိုလ်)၊ အေးသဇင်မြင့် (သတင်းအတတ်ပညာ) ဓာတ်ပုံ -ခိုင်ဇင်သက် (သတင်းအတတ်ပညာ) စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင်(မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၄

**၂၀၁၀ခုနှစ် (၂၁)ကြိမ်မြောက် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့်စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုသည့်အခမ်းအနားကို ဩဂုတ် ၃ရက် မွန်းလွဲ ၁၂နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်သီလာခန်းမ၌ ကျင်းပခဲ့သည်။**

အခမ်းအနားမစတင်မီ စာရေးသူတို့ ကြိုတင်၍ သွားရောက်ခဲ့ရာ ခန်းမတွင်းသို့ ဝင်လှျှင်ဝင်ချင်း ကျောင်းသား ကျောင်းသူတို့၏ လက်ရာပိုစတာများ၊ ရင်ခုန်ပျော်ရွှင်နေကြသည့် ဆုရကျောင်းသား ကျောင်းသူများ၊ တပည့်သားသမီးများအတွက် ဂုဏ်ယူအပြုံးမျက်နှာများဖြင့် မိဘ ဆရာများကို စည်ကားစွာ တွေ့လိုက်ရသည်။ ထို့နောက် ဆုရကျောင်းသား ကျောင်းသူအချို့ကို တွေ့ဆုံကာ ရင်တွင်းပီတိ ခံစားချက်များကို မေးမြန်းခဲ့ရာ-



**မဖူးပြည့်ပြည့်စိုး**
**(စာစီစာကုံးပြိုင်ပွဲ အထူးဆု-၃)**

"ကျွန်မက တတိယနှစ် (သတင်းအတတ်ပညာ) ကျောင်းသူ ဖြစ်ပါတယ်။ တက္ကသိုလ်အဆင့် ကမ္ဘာ့လူဦးရေနေ့ စာစီစာကုံးပြိုင်ပွဲမှာ အထူးဆု(၃) ရရှိခဲ့ပါတယ်။ စာစီစာကုံး ခေါင်းစဉ်ကတော့ 'မထပ်မကျန် မှန်ကန်မှု လူဦးရေနှင့် ဖွံ့ဖြိုးမှု' ဖြစ်ပါတယ်။ စာစီစာကုံးမှာ အလယ်တန်း၊ အထက်တန်းအဆင့်တွေပဲ ကွဲသွားတာပါ။ ခေါင်းစဉ်ကတော့ အားလုံးတူပါတယ်။ စာရေးတာလည်း ဝါသနာပါတယ်။ ပြီးတော့ သတင်းအတတ်ပညာကျောင်းသူ တစ်ယောက်အနေနဲ့ ဝင်ပြိုင်ခဲ့တာပါ။ ဆုရမယ်လို့ မျှော်လင့်မထားဘဲ ဆုရခဲ့တာဆိုတော့ ဖော်မပြနိုင်အောင် ဝမ်းသာရပါတယ်။"

**မောင်ကောင်းဆက်လွင်**
**(ပိုစတာပြိုင်ပွဲ အဆင့်-၁၊ ရန်ကုန်တိုင်းအဆင့်- ပထမ၊ ဗဟိုအဆင့်- ပထမ)**

"ကျွန်တော်က အထက(၁) ဒဂုံမှာ တတိယတန်း တက်ရောက်နေပါတယ်။ ပိုစတာခေါင်းစဉ်က'Everyone Counts' ဖြစ်ပါတယ်။ ပိုစတာပြိုင်ပွဲ အဆင့်(၁)မှာ တိုင်းအဆင့်ရော၊ ဗဟိုအဆင့်မှာပါ ပထမရခဲ့ပါတယ်။ ဒီပြိုင်ပွဲ ယှဉ်ပြိုင်ဖို့အတွက် ဆရာ ဆရာမတွေက သင်ကြားပေးခဲ့တာပါ။ မိဘတွေကလည်း ပန်းချီဆရာနဲ့ စနစ်တကျ သင်ကြားပေးပါတယ်။ နောင်လည်း ပြိုင်ပွဲတွေ ဝင်ပြိုင်ဦးမှာပါ။



ခုလည်း ဗဟိုအဆင့်ထိပါ ပထမရတာဆိုတော့ အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။"

**မဆုမြတ်မွန်**
**(အလယ်တန်းအဆင့် စာစီစာကုံး- ဒုတိယ)**

"သမီးက အထက(၂) လသာမှာ သတ္တမတန်း တက်နေပါတယ်။ စာစီစာကုံးပြိုင်ပွဲ အလယ်တန်းအဆင့်မှာ ဒုတိယရခဲ့ပါတယ်။ နှစ်တိုင်းလည်း ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲအတွက် အရင်ဆုံး သတင်းစာက စုရပါတယ်။ ပြီးတော့ အရင်က စုဆောင်းထားတဲ့ အချက်တွေကိုလည်း လေ့လာပါတယ်။ ဒီပြိုင်ပွဲကို ပြိုင်ဖို့



အမေက တိုက်တွန်းတယ်။ ဆရာ ဆရာမတွေကလည်း အားပေးခဲ့ပါတယ်။ အခု ဒုတိယရရှိတော့ စိတ်လှုပ်ရှားကြည်နူးရပါတယ်။"



**မခင်သဇင်ညွန့်**
**(ပိုစတာပြိုင်ပွဲ အဆင့်-၂၊ အထူးဆု-၆)**

"သမီးက ပိုစတာပြိုင်ပွဲ အဆင့် (၂) မှာ အထူးဆု(၆) ရပါတယ်။ အလက(၁) ဒဂုံမှာ စတုတ္ထတန်း တက်နေပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ကွန်ပျူတာထဲက ပုံတွေကြည့်ပါတယ်။ ဆရာ ဆရာမတွေကလည်း အားပေးပါတယ်။ အချိန်တွေ တော်တော်ယူပြီး ခက်ခက်ခဲခဲ လေ့ကျင့်ခဲ့ရပါတယ်။ အရင်ကပြိုင်ပွဲတွေ ပြိုင်ဖူးပါတယ်။ ဆုတွေလည်း ရဖူးတယ်။ အကောင်းဆုံးဆုရအောင် ထပ်ကြိုးစားမှာပါ။"



**မခင်သူသူဝင်း**
**(စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်အဆင့်-ပထမ)**

"သမီးက ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်က ဒုတိယနှစ် ကျောင်းသူဖြစ်ပါတယ်။ စာစီစာကုံးပြိုင်ပွဲမှာ တက္ကသိုလ်အဆင့် ပထမရခဲ့ပါတယ်။ မနှစ်ကလည်း ဝင်ပြိုင်ခဲ့ဖြစ်တယ်။ ဒီနှစ်လည်း ဝင်ပြိုင်ဖြစ်ခဲ့တာပါ။ စာအုပ်တွေ ဖတ်တယ်။ အင်တာနက်ကလည်းရှာတယ်။ သတင်းစာတွေကလည်း အချက်အလက်တွေကို ရှာဖွေခဲ့ပါတယ်။ ဆုရဖို့ မမျှော်မှန်းခဲ့ပါဘူး။ မမျှော်မှန်းဘဲ ရတာဆိုတော့ သိပ်ပျော်ပါတယ်။ နောင်နှစ်တွေလည်း ဝင်ရောက်ယှဉ်ပြိုင်ဖို့ အစီအစဉ်ရှိပါတယ်"

**မောင်နေဇော်အောင်**
**(စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်- ဒုတိယ)**

"ကျွန်တော်က အထက(၂)တာမွေ အဌမတန်းမှာ ပညာသင်ကြားနေတဲ့ ကျောင်းသားတစ်ဦးပါ။ စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်မှာ ဒုတိယဆုရရှိခဲ့ပါတယ်။ ကျောင်းကိုယ်စားပြု ပြိုင်ချင်လို့ ယှဉ်ပြိုင်ခဲ့တာပါ။ ကြိုတင်ပြင်ဆင်တာကတော့ စာစီစာကုံးစာအုပ်တွေ ဖတ်တယ်။ သတင်းစာကလည်း ရှာပါတယ်။ ဆရာ ဆရာမတွေကလည်း အချက်အလက်တွေ ရှာပေးပါတယ်။ အရင်ကလည်း ပြိုင်ပွဲတွေ ပြိုင်ဖူးပါတယ်။ ဆုတွေလည်း ရဖူးပါတယ်။ အခုဆုရတာကို ပိုပျော်ပါတယ်"

## လူချွန်လူကောင်း

ယနေ့လူငယ်တို့သည် နောင်အနာဂတ်၏ အသီးအပွင့်များ၊ ခေါင်းဆောင်များပင် ဖြစ်သည်။ လူငယ်များကို မြေတောင်မြှောက် ပြုပြင်သင်ကြား၊ အားပေးခြင်းအားဖြင့် တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းများ၊ အနာဂတ်အတွက် တိုင်းပြည်က အားထားရသော လူချွန်လူကောင်းများ ဖြစ်လာပေမည်။

## အောင်မြင်မှု

ယခုပြိုင်ပွဲသည်လည်း လူငယ်များ၏စိတ်ဓာတ်နှင့် ကြိုးစားမှုတို့ကိုမြှင့်တင်ပေးသော ပွဲပင်ဖြစ်သည်။ထို့ကြောင့် အနာဂတ် ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်တို့၏ ယှဉ်ပြိုင်ရဲသော သတ္တိ၊ လေ့လာရှာဖွေနိုင်မှု စွမ်းရည်ကြောင့် ရရှိလာသော အောင်မြင်မှုအသီးအပွင့်များအပေါ် ကိုယ်တိုင်ခံစားပြီး ပျော်ရွှင်နေမှုများကို ဂုဏ်ပြုကာ တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



## ပန်းအလှပင်များစိုက်ပျိုး

ဇူလိုင် ၁၆ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရွှေသမင်ပန်းခြံ၌ ပန်းအလှပင်များစိုက်ပျိုးထားရှိမှု၊ ပြည်သူများအပန်းဖြေနားနေနိုင်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့်အင်ဂျင်နီယာမှူး ဦးကျုံးလျှန်ဖွိုင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## သစ်ပင်များစိုက်ပျိုး

ဇူလိုင် ၂၅ရက်က ရေးမြို့နယ် မြကန်သာကျုံးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင် ကြီးကြပ်လျက် ဌာနဆိုင်ရာများ၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးရဲထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးအောင်ထွဋ်နှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



# ကမ္ဘာ့နိုင်ငံအချို့၏ ရေလွှမ်းမှု

မောင်မောင်မြင့်ဆွေ-စုစည်းရေးသားသည်

ကမ္ဘာ့ရာသီဥတုက ပြောင်းလဲလာသည်။ လူသားတို့၏ ဆင်ခြင်တုံတရားနည်းပါးမှုကြောင့် ရာသီဥတုဖောက်ပြန်ခြင်းဖြစ်သည်ဟု ပညာရှင်များကဆို၏။ ကမ္ဘာ့အချို့ဒေသများတွင် မိုးသည်းထန်ပြီး အချို့နေရာများ၌ မိုးခေါင်နေသည်။ အပူလှိုင်းကျရောက်သည့် နေရာများရှိနေသလို အအေးလှိုင်းကျရောက်သည့်နေရာများလည်း ရှိနေသည်။ ထို့အတူ ကမ္ဘာ့နိုင်ငံအချို့၌ ရေလွှမ်းမှုများနှင့် ဆိုးရွားစွာ ရင်ဆိုင်နေရပြန်သည်။

## ပါကစ္စတန်ရေလွှမ်းမှု

ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၉ရက်ကတည်းက အဆက်မပြတ်ရွာသွန်းသော မုတ်သုံမိုးကြောင့် အင်ဒပ်စ်မြစ်အပါအဝင် နိုင်ငံတွင်း မြစ်၊ ချောင်းများ ရေပြည့်ရေလျှံ ဖြစ်ကာ ရေလွှမ်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဆွပ်တောင်ကြားဒေသ၊ မာလာကန်ဒေသ၊ နီလ်မန်၊



ပါကစ္စတန်နိုင်ငံ မာလာကန်ဒေသ၌ ရေဘေးဒုက္ခကြုံတွေ့ရမှုမြင်ကွင်း။

ရှန်ဂလာ၊ ချာဆာဒါနှင့်ပက်ရှာဝါအရပ်များတွင် ဒေသခံပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေရသည်။ ကုလသမဂ္ဂတာဝန်ရှိသူများ၏ ပြောကြားချက်အရ ပါကစ္စတန်ပြည်သူ သုံးသန်းကျော် ရေဘေးဒုက္ခရင်ဆိုင်နေရပြီး ဒေသခံ ၁ဒသမ၈သန်းကျော်မှာ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရသည်ဟု ဆို၏။

### သေဆုံး

ရေဘေးဒုက္ခကြုံတွေ့ရမှုကြောင့် ဩဂုတ် ၄ရက်အထိ ပါကစ္စတန်ပြည်သူ ၁၄၀၀ ကျော် သေဆုံးခဲ့ရပြီး ရေလွှမ်းဧရိယာအတွင်း ပိတ်မိနေသူ ၂၇၀၀၀ ကျော်ရှိနေဆဲဖြစ်သည်။ အရေးပေါ် ရိက္ခာလိုအပ်သူ ၄၂၀၀၀ ကျော်ရှိနေပြီး အရေးတကြီး အကူအညီကို စောင့်မျှော်နေသူ ၂၅၀၀၀၀ ကျော်ရှိနေသဖြင့် နိုင်ငံတကာမှ အကူအညီပေးရန် ပါကစ္စတန်အစိုးရက မေတ္တာရပ်ခံထားသည်။ ဆွပ်တောင်ကြားဒေသတွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည် ၁၅၀၀ကျော် ပိတ်မိနေဆဲဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်။

### ကူညီ

ပါကစ္စတန်အစိုးရတပ်ဖွဲ့ဝင် ၃၀၀၀၀နှင့် ရဟတ်ယာဉ်ဒါဇင်ပေါင်းများစွာကို ရေလွှမ်းဒေသသို့ စေလွှတ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်စေလျက်ရှိသည်။ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းတန်ဖိုးရှိသော ဆေးဝါးနှင့် သောက်ရေသန့်များ တန်ချိန် ၃၀၊ ရွက်ဖျင်တဲအလုံး ၁၀၀၀နှင့် မီးစက်များ ပေးပို့ခဲ့သည်။ ယခုရေလွှမ်းမှုမှာ ပါကစ္စတန်၌ နှစ်ပေါင်း ၈၀အတွင်း အဆိုးရွားဆုံးဖြစ်သည်။

## တရုတ်ရေလွှမ်းမှု

ထို့အတူ တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဒေသများတွင် ပြီးခဲ့သည့် သီတင်းပတ်မှစတင်ကာ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ကျီလင်းပြည်နယ်တွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့သည်။ ကျီလင်းပြည်နယ်ရှိ ကျီလင်းမြို့၊ ဟောင်ကျင်မြို့တို့ အဆိုးရွားဆုံး ရေလွှမ်းမှုများနှင့် ကြုံတွေ့ခဲ့ရသည်။ ရေလွှမ်းမှုကြောင့် ဒေသခံပြည်သူ



တရုတ်နိုင်ငံ ကျီလင်းမြို့၌ ရေလွှမ်းမိုးမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေစဉ်။

၁၀၀၀ကျော် သေဆုံးခဲ့ပြီး နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ရသည်။ ကျီလင်းပြည်နယ်တွင် တံတားတစ်စင်းနှင့် ရေကာတာနှစ်ခု ပြိုလဲပျက်စီးခဲ့သည်။ ရေလွှမ်းမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ရာ တရုတ်နိုင်ငံ တစ်ဝန်းတွင် ရေဘေးဒုက္ခကြုံတွေ့သူ ၁၀သန်းကျော်ရှိခဲ့ပြီး စုစုပေါင်းနေအိမ် ၈၇၅၀၀၀ ပျက်စီးခဲ့ရသည်။ တရုတ်အစိုးရက ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိသည်။ တရုတ်နိုင်ငံတစ်ဝန်း၌ ယခုနှစ် ရေဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမြေဟက်တာ ခုနစ်သန်းကျော် ပျက်စီးခဲ့ရသည်။ ရေဘေးဒုက္ခကြုံတွေ့နေရသည့် ဒေသများကို တရုတ်အစိုးရက ဆေးဝါးနှင့်စားနပ်ရိက္ခာအပြင် အရေးပေါ်အသုံးအဆောင် ပစ္စည်းများကို ထရပ်ကားအစီး ၄၀ကျော်နှင့်အတူ ရဟတ်ယာဉ်များဖြင့်လည်း ကယ်ဆယ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

## ဖိလစ်ပိုင်ရေလွှမ်းမှု

တစ်ဖန် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ဩဂုတ် ၄ရက်အထိ ၃၀ကျော်ရှိပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ ပါဂါလန်ဂန်မြို့တွင် ရေလွှမ်းမှုကြောင့် ပြည်သူ ၁၄၀၀၀ကျော် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။ တစ်ဖန် ဆူလ်တန်ကူဒါရက်မြို့နှင့် အနီးဝန်းကျင် ကျေးရွာများတွင် ဒေသခံ ၈၂၀၀အား အရေးပေါ် ရွှေ့ပြောင်းပြီး ဆေးဝါးနှင့်အစားအစာများ ထောက်ပံ့ဖြည့်ပေးထားရသည်။ မိုးမှာ ဆက်လက်ရွာသွန်းနေဆဲဖြစ်သည်။ဖိလစ်ပိုင်အစိုးရက ရေဘေးသင့်ဒေသများကို ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက် ပေးလျက်ရှိသည်။ ရေလွှမ်းမှုကား ကမ္ဘာ့နိုင်ငံအချို့၌ လတ်တလော ခြိမ်းခြောက်နေသည့် သဘာဝဘေးအန္တရာယ်အဖြစ် တည်ရှိနေဆဲဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

# ဝန်ကြီး ဦးလွန်းသီ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)စစ်ဆေး

## စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၄

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဩဂုတ် ၂ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် (၁)ရေနံချက်စက်ရုံ (သန်လျင်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း India Loan စီမံကိန်းဖြင့် စက်ရုံအကြီးစားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ** (ယာပုံ) **စက်ရုံမှူးက ရေနံပေါင်းတင်ချက်စက်ရုံအမှတ်(ဘီ)နှင့် (စီ)တို့၏ Construction၊ Installation၊ Piping & Instrumentation နှင့် Cooling Tower & Heater Commissioning လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် Guarantee Test Run ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ Water Treatment Plant အား Commissioning လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ 4.5 MW Power Generation Unit အား Commissioning လုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း၊ Tank Rader Unit စမ်းသပ်အသုံးပြုနေမှုကို လည်းကောင်း ရှင်းလင်းတင်ပြသည်။**

### အလေးထား

ထို့နောက် ဝန်ကြီးက Techanically စေ့စပ်သေချာရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံမှုဂရုပြုရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေးတို့ကို အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံအရာထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မဖြစ်အောင် ထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လူကုန်ကူးမှုတားဆီးကာကွယ်ရေး လားရှိုး၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လားရှိုး ဩဂုတ် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လားရှိုးမြို့ လားရှိုးမိုတယ်ခန်းမ၌ ဇူလိုင် ၆ ရက်နှင့် ၇ရက်တို့တွင် ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြိုင်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးညွန့်လှိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေနှင့် ဆက်စပ်ဥပဒေများ၊ ထူးခြားမှုခင်းများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာငါးနှစ်စီမံကိန်း၊ ၂၀၁၀ခုနှစ် လုပ်ငန်းစီမံချက်ကို ရှင်းလင်းတင်ပြသည်။

### ပြန်လည်ဆွေးနွေး

ဆက်လက်၍ ပြည်နယ်နှင့် လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်နှင့် မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက အုပ်စုလေးစုဖွဲ့၍ မိမိဒေသအလိုက် လူကုန်ကူးမှုအခြေအနေ ကြိုတင်ကာကွယ်ရေးနှင့် အရေးယူရေး၊ လူကုန်ကူးခံရသူများအား စောင့်ရှောက်ပေးမှု၊ အောင်မြင်မှုနှင့် အခက်အခဲများ၊ ရှေ့လုပ်ငန်းအတွက် အကြံပြုချက်များကို ဝိုင်းဝန်းဆွေးနွေးကြရာ ရဲမှူးကြီးစစ်အေးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(ပြည်နယ် ပြန်/ဆက်)

# တစ်ဖက်နိုင်ငံသားများနှင့် လက်ထပ်ပေးရန် စည်းရုံးခေါ်ဆောင်သူအမျိုးသမီးအား မူဆယ်ရဲစခန်း၌ အမှုဖွင့် အရေးယူထား

**နေပြည်တော် ဩဂုတ် ၄**

မူဆယ်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့သည် ဇူလိုင် ၃၁ရက်တွင် နယ်စပ်နန်းတော်စစ်ဆေးရေးဂိတ်အနီး၌ တစ်ဖက်နိုင်ငံ ကျယ်ဂေါင်သို့ သွားရောက်မည့် လူစုအား ခေါ်ယူစစ်ဆေးရာ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်နေ မစန်းစန်းသွယ်သည် ၂၀၀၈ခုနှစ်တွင် တစ်ဖက်နိုင်ငံ ဟဲနန်ပြည်နယ်ရှိ အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျပြီး တစ်နှစ်တစ်ခါ မြန်မာနိုင်ငံသို့ ပြန်လာသူဖြစ်ကြောင်း၊ ယခုတစ်ခေါက် ဇူလိုင် ၁၈ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ မိဘအိမ်သို့ပြန်လာခဲ့ပြီး ရပ်ကွက်အတွင်းရှိ အမျိုးသမီးနှစ်ဦးအား တစ်ဖက်နိုင်ငံသားနှင့်လက်ထပ်ပါက ကောင်းကောင်းမွန်မွန် နေရမည်ဟု စည်းရုံးပြောဆို၍ ခရီးစရိတ် အကုန်အကျခံကာ ခေါ်ဆောင်လာကြောင်း ဖော်ထုတ်သိရှိရသည်။

တစ်ဖက်နိုင်ငံသားနှင့် အိမ်ထောင်ပြုပါက ကောင်းကောင်းမွန်မွန်၊ ချမ်းချမ်းသာသာနေရမည်ဟု လူကုန်ကူးသူများက မစားရဝခမန်း စည်းရုံးပြောဆိုလျက်ရှိသော်လည်း အမှန်တကယ်တွင် ဘဝအာမခံချက်မရှိကြောင်း၊ အကျင့်စရိုက်၊ ဘာသာစကားနှင့် ပတ်ဝန်းကျင်အခြေအနေ မတူညီကြသူများဖြစ်ရာ ပေါင်းသင်းဆက်ဆံမှုလုံးဝ အဆင်မပြေကြောင်း၊ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံရမှု၊ အလုပ်ပင်ပန်းစွာ ခိုင်းစေခံရမှု၊ အစာရေစာ ချို့တဲ့စွာ စားသောက်ရမှု၊ အနိုင်ကျင့်ခံရမှု စသည်တို့နေ့စဉ်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံသားနှင့် အိမ်ထောင်ပြုသဖြင့် ဘဝအခြေအနေမြင့်သွားသူ ရှိတော့ရှိနိုင်သော်လည်း အလွန်အင်မတန်နည်းပါးမည် ဖြစ်ကြောင်း စသည်ဖြင့် ကိုယ်တွေ့ကြုံခဲ့သူအမျိုးသမီးတစ်ဦးက သတင်းဌာနသို့ ဝန်ခံအသိပေးကာ မျက်ကန်းတစ္ဆေမကြောက်သဘောမျိုးဖြင့် လတ်တလောဘဝ လွတ်မြောက်လိုမှုဖြင့် လူကုန်ကူးသူတို့၏ စည်းရုံးဆွဲဆောင်မှုကို မယုံကြည်ရန်၊ မိမိနိုင်ငံတွင်သာ အလုပ်ကိုကြိုးကြိုးစားစား လုပ်ကိုင်၍ ငွေရှာဖွေစုဆောင်းရန် အမျိုးသမီးငယ်များအတွက် သတိပေးစကားပြောကြားခဲ့သည်။

တစ်ဖက်နိုင်ငံသားများနှင့် လက်ထပ်ပေးရန် စည်းရုံးခေါ်ဆောင်လာသူ မစန်းစန်းသွယ်အား မူဆယ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း၊ မင်္ဂလာဒုံမြို့နယ်နေ အမျိုးသမီးနှစ်ဦးအား ပညာပေးဆွေးနွေး၍ မိဘများထံ ပြန်လည်အပ်နှံရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၅-၈-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ အကပဒေသာ
- ၈:၃၀ ၉။ **စီးဆင်းပါစေ မေတ္တာရည်**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၃၅ ၄။ **ငါးရစ်မျိုးငါး တို့မစား**
- ၄:၅၀ ၅။ တေးဂီတအစီအစဉ်
- ၅:၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (မြန်မာမှုအထူးပြု) (မြန်မာမှုပညာ)
- ၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၀ ၈။ မူဟာန်သွယ်သွယ် ဆိုကြမယ်
- ၅:၃၅ ၉။ နှစ်စဉ်နွဲ့ပျော် ဝါဆိုခြင်းပွဲတော်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၇) ငြိမ်းချမ်း၊ သူရလင်း၊ နန်းဆုရတီစိုး၊ ယုဇနဖိုလ်မြင့်၊ (ဒါရိုက်တာ- အောင်ကျော်သူရ)
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **တို့အိမ်ကလေး** နေရဲမာန်၊ တေးရေး-OVATIONအဖွဲ့
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၉)
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၆)



၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဇဗာန်းမြို့နယ် မြို့နယ်ပညာရေးမှူးဒိုင်း မိုးရာသီအားကစားပြိုင်ပွဲ(ဘောလုံး)တွင် U-16၊ U-13 နှင့် U-10 အုပ်စုတို့ယှဉ်ပြိုင်ကစားကြရာ U-16 အုပ်စုမှ ပထမဆုရရှိသော အထက(၁)ဇဗာန်းဘောလုံးအသင်းအား ဇူလိုင် ၃၁ ရက်က အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးသိန်းစံအောင်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

# မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဩဂုတ် ၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (လယ်ဝေး)တွင် ၀ဒသမ ၁၉လက်မ၊ ကန့်ဘလူမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၄ဒသမ ၂၅လက်မစီ၊ ပေါင်မြို့တွင် ၄ဒသမ ၀၂လက်မ၊ ပြင်ဦးလွင်မြို့တွင် ၃ဒသမ ၈၂လက်မ၊ မုဒုံမြို့တွင် ၃ဒသမ ၆၂လက်မ၊ ရေးမြို့တွင် ၂ဒသမ ၈၇လက်မ၊ သထုံမြို့၊ ကျိုက္ကမီမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၂ဒသမ ၆၀လက်မစီ၊ ဓောင်းတူမြို့တွင် ၂ဒသမ ၄၁လက်မနှင့် အောင်လံမြို့တွင် ၁ဒသမ ၇၄လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**ဩဂုတ် ၅ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

# မြန်မာ့အလင်း နိုင်ငံတကာဖောင်ပိတ်သတင်း

➢ ကောင်းမြတ်သူ - စုစည်းသည် ≺

## ဖိလစ်ပိုင် ဘာတိန်းကျွန်းစုအနီး အပူပိုင်းမုန်တိုင်းဖြစ်ပေါ်နေ

မနီလာ ဩဂုတ် ၄

ဖိလစ်ပိုင်နိုင်ငံ ဘာတိန်းကျွန်းစုအနီး ဒိုမန်းအမည်ရှိ အပူပိုင်းမုန်တိုင်းတစ်ခု ဩဂုတ် ၄ရက် ညနေပိုင်းက ဖြစ်ပေါ်လျက်ရှိရာမှ အားကောင်းလာကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါ မုန်တိုင်းသည် ဘာစကိုမြို့ အရှေ့ဘက် ကီလိုမီတာ ၄၃၀ အကွာတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်ရာမှ အားကောင်းလာနေကြောင်း၊ တစ်နာရီလျှင် မိုင် ၈၀နှုန်း တိုက်ခတ်နိုင်ကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနက သတိပေးထားသည်။

ယင်းမုန်တိုင်းသည် ကာဂါရန်းဒေသ၊ ဘာဘူယန်ကျွန်းစု၊ ကာလာရန်ကျွန်းစု၊ အစ္စဘယ်လာနှင့် ဘာတိန်းကျွန်းစုများသို့ ဦးတည်တိုက်ခတ်လာနိုင်ကြောင်း သတိပေးထားသည်။ ၄င်းအပူပိုင်း မုန်တိုင်းသည် ဘာတိန်းကျွန်းစု ဘာစကိုမြို့ အရှေ့ဘက်သို့ ဩဂုတ် ၅ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာနိုင်ကြောင်း ဖိလစ်ပိုင် မိုးလေဝသဌာနက ကြေညာသည်။

**(အင်တာနက်)**

## ရုရှားအလယ်ပိုင်း တောမီးလောင်မှု သေဆုံးသူဦးရေ ၄၈ ဦးအထိတိုးလာ

**မော်စကို ဩဂုတ် ၄**

ရုရှားနိုင်ငံအလယ်ပိုင်း၌ တောမီးများလောင်ကျွမ်းလျက်ရှိရာ သေဆုံးသူဦးရေ အနည်းဆုံး ၄၈ဦး ရှိသွားပြီဖြစ်ကြောင်း၊ သစ်တောဟက်တာ ၁၈၅၂၅ မီးလောင်ကျွမ်းခဲ့ကြောင်း၊ တောမီးလောင်မှုကြောင့် ပြည်သူထောင်ပေါင်းများစွာတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုများ ထပ်မံမဖြစ်ပွားရန် မီးငြိမ်းသတ်နေကြကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။ **(အောက်ပုံ) (အင်တာနက်)**



## မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ ပင်းတယမြို့၌ ကျင်းပ

ပင်းတယ ဩဂုတ် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက အထကကျောင်းခန်းမ၌ ကျင်းပသည်။

### ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောနိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူးသောင်းညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းခမ်းနွယ်က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဥပဒေအကြောင်းအရာများကို လည်းကောင်း၊ ကျန်းမာရေးဌာန လက်ထောက်ဆရာဝန် ဒေါက်တာ ကေဇင်ယုက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍လည်းကောင်း ပညာပေးဟောပြောကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းနွဲ့က ကျေးဇူးတင်စကားပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**



## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကွန်ဟိန်းမြို့နယ်၌ကျင်းပ

ကွန်ဟိန်း ဩဂုတ် ၂

လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်၏ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်နှင့် ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက်က ကွန်ဟိန်းမြို့ ဓမ္မာရုံကုန်းတော်ပေါ်၌ ကျင်းပသည်။

### စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကျော်စွာက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးဝင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ပျိုးပင်များကို ပေးအပ်သည်။ **(အပေါ်ပုံ)** ဆက်လက်၍ တက်ရောက်လာသူများက ကျွန်းပင် ၂၀၀၊ ယူကလစ်ပင် ၂၀၀၊ ခါတော်မီပင် ၁၀၀နှင့် မဲဇလီပင် ၁၀၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၄

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင် ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **အေးချမ်းသာယာပြည်မြန်မာ**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစား ၁၀" ×၁၄" အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်သည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများဖြင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရ၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရ၊ ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်၊ ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်၊ မိမိတို့၏ ပြိုင်ပွဲဝင် ဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ ယှဉ်ပြိုင်ရမည်။

### ချီးမြှင့်

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆုငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် အထူးဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့အပြင် အဆိုပါဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား Canon SLR ကင်မရာ EOS- 1000D with 18- 55mm Lens၊ ဒုတိယဆုရရှိသူအား Canon Compact Digital ကင်မရာ LXUS- 95IS၊ တတိယဆုရရှိသူအား Canon Compact Digital ကင်မရာ Power Shot A-480၊ အထူးဆုရရှိသူများအား ငွေသားကျပ် ၇၀၀၀၀ တန် Canon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်တို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၄င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ဝက်လက်၌ ကျင်းပ

ဝက်လက် ဇူလိုင် ၅

ဝက်လက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်**(ယာပုံ)**က အမှာစကားပြောကြားပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသူ ၆၂ဦးနှင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းအဆင့် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

(မြို့နယ် ပြန်/ဆက်)



**စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ဥပဒေနှင့်အခွန်ဌာနမှ ညွှန်ကြားရေးမှူး ဦးလရောင်နှင့် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်တို့ ဇူလိုင် ၃ရက်က မြို့မဈေးကြီး မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

## မြန်မာအမျိုးသမီးများနေ့ မြင်းမူ၌ ကျင်းပ

မြင်းမူ ဇူလိုင် ၃၀

မြင်းမူမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ကကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက မြို့နယ်ရုံး ရွှေပြည်သစ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။

### ဆုများချီးမြှင့်

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ အလယ်တန်း၊ အထက်တန်းအဆင့် ပ၊ ဒု၊တ ရရှိသူများ၊ ထီးဆောင်းကျေးရွာမှ (၆၇)ကြိမ်မြောက် သွေးလှူရှင် ဒေါ်ခင်တုတ်၊ ဗဟိုအဆင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ ရိုးရိုးအဆင့် နှစ်ဦး၊ မြန်မာအမျိုးသမီးများနေ့ အကြို သက်ကြီး အားကစားပြိုင်ပွဲ ပထမဆုလေးဆု၊ ဒုတိယဆု လေးဆု၊ တတိယဆု လေးဆု၊ ဗဟိုအဆင့် မျိုးဆက်ပွားသင်တန်း ထူးချွန်ဆု နှစ်ဆု၊ စံပြကြက်ခြေနီဆု တစ်ဆု၊ စေတနာ နေ့ကျောင်းသင်ကြားပေးသော ဆရာမ ငါးဦး၊ ထူးချွန်အမျိုးသမီး ၆၉ဦးတို့အား မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြသည်။

**(အပေါ်ယာပုံ) (ဝ၃၅)**

## သင့်သွေးဖြင့် အသက်ကယ်ပါ



## သဘာဝဘေး ကြိုတင်ကာကွယ်ရေး ညှိနှိုင်းစည်းဝေး

မင်းပြား ဇူလိုင် ၂၈

စစ်တွေခရိုင် မင်းပြားမြို့နယ်၌ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၆ရက် နံနက်က မြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်နည်းလမ်းများကို ရှင်းလင်းရာ ဌာနဆိုင်ရာများနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

ရမည်းသင်း ဇူလိုင် ၃၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံတည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက် ၉နာရီက ရမည်းသင်းခရိုင် ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကားပြောကြားပြီး ရမည်းသင်းမြို့နယ် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံတည်ဆောက်ရေးအတွက် မတည်အလှူငွေကျပ် သိန်း ၇၀ ပေးအပ်လှူဒါန်းရာ ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ထားတင်က လက်ခံယူသည်။

### လက်ခံယူ

ဆက်လက်၍ ရမည်းသင်းခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် စေတနာရှင်အလှူရှင်များက ငွေကျပ် ၈၂သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေအောင်၊ ရမည်းသင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေ၊ ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ထားတင်တို့က အလှူငွေများ လက်ခံယူသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**



## မြို့နယ် သတင်း ထွေတလာ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

### သတင်းဆောင်းပါးနှင့် သတင်းအညွှန်း



**ခင်နှင်းရည် (ရန်ကုန်တက္ကသိုလ်)နှင့် အေးသဇင်မြင့်(သတင်းအတတ်ပညာ) တို့၏** 'ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူတို့၏ ပီတိစကားသံများ' **သတင်းဆောင်းပါး။** (စာ-၁၀)



**အီရတ်နှင့် အာဖဂန် ပြည်သူများ သေဆုံး၊ ဒဏ်ရာရမှုအခြေအနေ။** (စာ-၄)

**မောင်မောင်မြင့်ဆွေစုစည်းသည့်** 'ကမ္ဘာ့နိုင်ငံအချို့၏ ရေလွှမ်းမှု' **သတင်းမှတ်စု။** (စာ-၁၀)



မြန်မာ့အလင်း ကျန်းမာရေးသတင်းသုတ

### ကလေးငယ်များအပေါ် မိခင်တို့၏နွေးထွေးမှု ကျန်းမာရေးအတွက် အထောက်အကူပြု

➤ ကိုသစ္စာ - ရေးသားသည် ➤

*ရင်သွေးများအား ငယ်ရွယ်စဉ်ကပင် မိခင်မေတ္တာ အပြည့်အဝပေးပြီး ထွေးပိုက်ယုယမှုများပြုလုပ်ပါက ယင်းကလေးငယ်များသည် အရွယ်ရောက်လာသည့်အခါ ကျန်းမာရေးကောင်းမွန်သူများ ဖြစ်လာနိုင်ပြီး စိတ်ကျရောဂါကင်းဝေးနိုင်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။*

*အမေရိကန်ဆေးသိပ္ပံပညာရှင်များက ကလေးငယ်များနှင့် အရွယ်ရောက်ပြီးသူ ၅၀၀တို့အား လေ့လာသုတေသနပြုခဲ့ရာ ငယ်ရွယ်စဉ်က မိခင်မေတ္တာ အပြည့်အဝရရှိခဲ့သူများမှာ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်သူများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဆို၏။*



*ဆက်စပ်*

*မိခင်နှင့် ရင်သွေးငယ်တို့၏ ဆက်ဆံရေးမှာ ကျန်းမာရေးနှင့် ဆက်စပ်မှုရှိပြီး မိခင်၏ နွေးထွေးသော အပြုအမူများသည် ရင်သွေးငယ်များ၏ ကျန်းမာရေးကို ကြီးမားစွာ အထောက်အကူပြုလျက်ရှိကြောင်း ဆေးသိပ္ပံပညာရှင် ဒေါက်တာဂျူအင်နာက ပြောကြားသည်။*

*အင်တာနက်*



'ချယ်လ်ဆီးကို သူတို့ပင် ဦးဆောင်မည်' **နိုင်ငံခြား အားကစားသတင်း ပဒေသာ။** (စာ-၁၂)

## ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် ဩဂုတ် ၄

ယနေ့ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)